

# Ice Frog, Valve & DOTA 2

Dota Allstars မြေပုံကို ဖန်တီးရေးဆွဲခဲ့သူ၊ Half-life နဲ့ ကမ္ဘာကျော်ခဲ့တဲ့ Value၊ ကစားနေရင်း hero နဲ့ item တွေအကြောင်း သင်ကြားညွှန်ပြပေးနိုင်မယ့် Dota 2 စတာတွေအကြောင်း တင်ဆက်ပေးချင်ပါတယ်။

## IceFrog

၂၀၀၉ ခုနှစ် အစောပိုင်းက Myanmar InfoTech မှာ ကျင်းပပြုလုပ်ခဲ့တဲ့ Myanmar Gamers Club ရဲ့ eSports Game Championship ပြိုင်ပွဲကြီးတစ်ခု၏ quiz ပြိုင်ပွဲမှာ gamer တွေကို Club Founder မှ ထူးထူးခြားခြား မေးခွန်းကလေး တစ်ခု မေးမြန်းခဲ့ပါတယ်။ "နိုင်ငံတကာမှာ အကျော်ကြားဆုံးဖြစ်နေတဲ့ Dota-Allstars မြေပုံကို ဖန်တီးရေးဆွဲပေးနေတဲ့သူ" ဆိုပြီး မေးခွန်းမပြီးဆုံးသေးခင်မှာပဲ gamer တွေ အားလုံးက တစ်ညီတစ်ညွတ်တည်း IceFrog လို့ သံပြိုင် ဖြေကြားခဲ့ကြပါတယ်။ တကယ့်မေးခွန်းကတော့ IceFrog လို့ လူသိများတဲ့ Dota မြေပုံရေးဆွဲသူရဲ့ အသက်ကို မေးမြန်းခဲ့တာဖြစ်ပါတယ်။ အဖြေမှန် ၂၅ နှစ်ဆိုတာကို အတိအကျ ဖြေကြားနိုင်ခဲ့သူကတော့ Ethan လို့ အများသိကြတဲ့ gamer လူငယ်လေးတစ်ဦး ဖြစ်ခဲ့ပါတယ်။

Dota မြေပုံကို ဖန်တီးရေးဆွဲပေးနေသူဟာ IceFrog လို့ ကမ္ဘာကျော်နေပေမယ့် သူ့ရဲ့အမည်ရင်းနဲ့ ဘယ်သူဘယ်ဝါ ဘယ်နေရပ်ကဆိုတာကိုတော့ အတိအကျမဖော်ထုတ်နိုင်သေးပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ ၄ နှစ်ခန့် ကတည်းက အချိန်ကုန်၊ ငွေကုန် အပင်ပန်းခံပြီး နိုင်ငံတကာက gamer တွေအတွက် Dota မြေပုံကို အသေးစိတ်ဖန်တီးရေးဆွဲ update အမြဲလုပ်ပေးနေသူဖြစ်ပါတယ်။ သူဖန်တီးရေးဆွဲပေးတဲ့ Dota မြေပုံကို

internet မှာ အခမဲ့ဖြန့်ဝေပေးထားပေမယ့် မြန်မာနိုင်ငံအတွင်းမှာတော့ ဈေးနှုန်းအမျိုးမျိုးနဲ့ ရောင်းချနေကြတာကို တွေ့ရတာဟာ စိတ်မကောင်းစရာတစ်ခုဖြစ်နေပါတယ်။

ဒါပေမယ့် အမြဲတမ်းပဲ အများအကျိုးဆောင်နေခဲ့တဲ့ IceFrog ဟာ အခုတော့ ကိုယ့်အကျိုးလည်း အောင်ခဲ့ပါပြီ။ Dota မြေပုံနဲ့ နာမည်ကျော်ကြားလွန်းနေတာကြောင့် အခြား game ကုမ္ပဏီကြီးတစ်ခုက IceFrog ကို တကူးတကဖိတ်ကြားပြီး တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံပြီးချိန်မှာ IceFrog စိတ်ကြိုက် game အသစ်တစ်ခု ဖန်တီးဖို့အတွက် game development team တစ်ဖွဲ့အပ်နှံပြီး IceFrog ကို team leader အဖြစ် အလုပ်ခန့်အပ်ခဲ့ပါတယ်။ အဲဒီကုမ္ပဏီကြီးကတော့ game ရာဇဝင်သမိုင်းကြောင်းမှာ အအောင်မြင်ဆုံး ဖြစ်ခဲ့တဲ့ Counter Strike ကို ထုတ်လုပ်ခဲ့ပြီး လက်ရှိအချိန်မှာလည်း online game platform တစ်ခုဖြစ်တဲ့ Steam ကြောင့် အထင်ရှားဆုံး ဖြစ်နေတဲ့ Valve Corporation ကုမ္ပဏီပဲ ဖြစ်ပါတယ်။



## Valve

လက်ရှိနိုင်ငံတကာမှာ ထိပ်တန်းအဆင့် ရောက်နေတဲ့ Valve Corporation ကြီးကို ၁၉၉၆ ခုနှစ်ကတည်းက စတင် တည်ထောင်ခဲ့ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာလမှာ ပထမဆုံး ထုတ်လုပ်ရောင်းချခဲ့တဲ့ Half-Life နဲ့ ကမ္ဘာကျော်ခဲ့ပါတယ်။ ဒါကြောင့်လည်း Half-Life ရဲ့ နောက်ဆက်တွဲ game sequel တွေ၊ Spin-off တွေနဲ့ Mod တွေကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။ Valve Corporation ဟာ Mod တွေ တီထွင်ဖန်တီးရေးဆွဲမှုကို လက်ခံအားပေးအသိအမှတ်ပြုပြီး ၎င်းတို့ကိုယ်တိုင်လည်း game engine တွေဖန်တီးကာ engine based Mod တွေကို ဖန်တီးရေးဆွဲနေတာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာ Half-Life ရဲ့ Mod အမျိုးအစားတစ်ခုဖြစ်တဲ့ Counter-Strike Mod ဟာ gamer တွေ ကြားမှာ အတော်လေး နာမည်ကျော်ကြား ထင်ရှားလာပါတယ်။ Mod ကို တီထွင်ဖန်တီးခဲ့တဲ့ ကျောင်းသား လူငယ်လေးနှစ်ဦး ဖြစ်တဲ့ Minh "Gooseman" Le နဲ့ Jess "Cliffe" Cliffe တို့ ဟာလည်း Counter-Strike နဲ့အတူ ထင်ရှားလာခဲ့ပါတယ်။ အဲဒီအချိန်မှာ Valve Corporation ဟာ Counter-Strike ကို ပြန်လည်ဝယ်ယူပြီး Mod အဆင့်မှ သီးသန့် game ကြီးတစ်ခုအဖြစ် ထုတ်လုပ်ခဲ့ရတဲ့အပြင် Mod creator တွေ ဖြစ်တဲ့ Gooseman နဲ့ Cliffe ကိုပါ အလုပ်ခန့်အပ်ပြီး စိတ်ကြိုက် game တွေ ဖန်တီးရေးဆွဲခွင့်ပေးခဲ့တာ




ဟာ ယနေ့လက်ရှိအချိန်အထိပါပဲ။

Game Mod တစ်ခုကို ယင်း game ကုမ္ပဏီကနေ ပြန်လည်ဝယ်ယူခဲ့ရတဲ့အပြင် Mod ရေးဆွဲသူတွေကိုပါ တစ်ခါတည်း အလုပ်ခန့်အပ်ခဲ့တဲ့ ဖြစ်ရပ်ဟာ နိုင်ငံတကာမှ လူငယ် game Modder တွေအားလုံး အတွက် မျှော်လင့်ချက် အိပ်မက်တစ်ခု ဖြစ်လာပါတယ်။ ဒါကိုနမူနာယူပြီး အခြား ကုမ္ပဏီကြီးတွေကလည်း နိုင်ငံတကာ game community တွေက game talent ရှိတဲ့ လူငယ်တွေကို အလုပ်ခန့်အပ်ခဲ့တာတွေ အများအပြား တွေ့ရှိလာရပါတယ်။ ယခု အကြိမ်မှာလည်း Valve Corporation ဟာ IceFrog ကို game development team leader အဖြစ် ခန့်အပ်လိုက်တာဟာ နောက်ထပ်စံနမူနာတစ်ခု ဖြစ်လာပါတယ်။

## DOTA 2

၂၀၁၀ ခုနှစ် အောက်တိုဘာလ အတွင်းမှာ Valve Corporation မှ သတင်း ထုတ်ပြန်ချက်တစ်ခု ထွက်ရှိလာခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်အရ IceFrog ရဲ့ development team က ရေးဆွဲနေတဲ့ game အမျိုးအစားဟာ Dota မြေပုံ Mod ကို သီးသန့် game တစ်ခုအဖြစ် အသစ်ပြန်လည် ရေးဆွဲထုတ်လုပ်မယ့် DOTA 2 လို့ အမည်ပေးထားတဲ့ game အသစ်ဖြစ်ပါတယ်။ Valve ကုမ္ပဏီရဲ့ နာမည်ကျော် source engine ကို အခြေခံရေးဆွဲအသုံးပြုထားပြီး ၂၀၁၁ ခုနှစ်အတွင်း ထုတ်လုပ်ရောင်းချမယ်လို့ ဆိုထားပါတယ်။

လက်ရှိ Dota မြေပုံထဲမှာ ပါဝင်တဲ့ Heroes အားလုံး ပြန်လည်ထည့်သွင်းထားမှာဖြစ်ပြီး features အသစ်တွေကိုလည်း ထူးထူးခြားခြား တွေ့ရှိနိုင်ပါတယ်။ အသင်းအဖွဲ့လိုက်ဆော့ကစားရာမှာ ကစားသူအချင်းချင်း ဆက်သွယ်ပြောဆိုမှု ပိုမိုကောင်းမွန်လာအောင် game အတွင်းမှာ Voice Chat ကို ထည့်သွင်းပေးထားပါတယ်။

hero တစ်ဦးချင်းစီရဲ့ graphic ရုပ်ပုံကို အခြား hero တွေနဲ့ သိသာကွဲပြားစွာ အသေးစိတ်အသစ်ရေးဆွဲထားပြီး hero စကားသံတွေအဖြစ် နာမည်ကြီး အသံသရုပ်ဆောင်တွေရဲ့ ထူးခြားတဲ့ စကားသံတွေကို ကြားရပါလိမ့်မယ်။ (ဥပမာ–ကမ္ဘာကျော် game character တစ်ခုဖြစ်တဲ့ Duke Nukem ရဲ့ အသံသရုပ်ဆောင် Jon St. John ရဲ့စကားသံ။ လက်ရှိအချိန်မှာ အသစ်ရေးဆွဲဖော်ပြထားတဲ့ hero ရုပ်ပုံတွေကတော့ Morphling၊ Blood Seeker၊ Drow Ranger နဲ့ Slayer တို့ဖြစ်ပါတယ်။

DOTA 2 ရဲ့ အခြား feature တစ်ခုကတော့ AI ကနေ ထိန်းချုပ်ဆော့ကစားပေးမယ့် hero တွေပဲ ဖြစ်ပါတယ်။ ကျွမ်းကျင်မှုမရှိသေးတဲ့ ကစားသူတွေအတွက် computer နဲ့ ယှဉ်ပြိုင်ကစားနိုင်စေဖို့၊ ဒါမှမဟုတ် Network Connection မရတော့တဲ့ ကစားသူရဲ့နေရာမှ အစားထိုးဆော့ကစားပေးရန်တို့အတွက် ဖြစ်ပါတယ်။ နောက်ထပ်ထူးခြားချက်တစ်ခုကတော့ ယခု Dota မြေပုံထဲမှာ အားနည်းချက် ဖြစ်နေတဲ့ Interactive guide ပါပဲ။ ကစားနေရင်း game အတွင်း hero နဲ့ item တွေအကြောင်း သင်ကြားညွှန်ပြပေးနိုင်မယ်လို့ ဆိုပါတယ်။ ဘယ်လောက်အထိ အသေးစိတ်ညွှန်ပြနိုင်မလဲဆိုတာကတော့ တကယ်တမ်း DOTA 2 ထွက်ရှိလာချိန်မှပဲ စမ်းသပ်ကြည့်ရပါမယ်။

ယခုလိုမျိုး DOTA 2 ကြေငြာချက်ထွက်ရှိလာချိန်မှာ ၎င်းနဲ့အလားတူ Dota-based အခြေခံ Game အချို့က ထွက်ရှိပြီးဖြစ်နေပါပြီ။ ယင်းတို့ကို Dota Clone တွေလို့ ခေါ်ဆိုကြပါတယ်။ Dota မြေပုံမှ hero တွေအစား God တွေအဖြစ် ကစားရတဲ့ DemiGod ဟာ ၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့ပါတယ်။ Dota မြေပုံ၊ Dota hero တွေနဲ့ ပုံစံကအစတူညီပြီး နာမည်သာကွဲပြားတဲ့ game ကတော့ Heroes of Newerth ဖြစ်





ပါတယ်။ အရင်က Dotaမြေပုံဟောင်းကို ရေးဆွဲခဲ့သူ Guinsoo ကဦးဆောင်ရေးဆွဲခဲ့ပြီး Dotaကစားပုံနဲ့ နမူနာဆင်တူပြုလုပ်ထားတဲ့ Dota-basedအခြား game တစ်ခုကတော့ League of Legends ဖြစ်ပါတယ်။ Dotaနဲ့ လုံးဝကွဲပြားတဲ့အချက်ကတော့ ယင်း HoN နဲ့ LoLတို့ဟာ online game သီးသန့်တွေ ဖြစ်ကြပါတယ်။

Valve Corporationဟာ သူတို့ထုတ်လုပ်မယ့် game အသစ်အမည် DOTA 2 နဲ့ DOTA 3 အမည်တို့ကို ယခုနှစ် အစောပိုင်းကတည်းက ကြိုတင်၍ အမည်မူပိုင်ခွင့် မှတ်ပုံတင်ထားခဲ့ပြီး ယခု DOTA 2အကြောင်း ထွက်ရှိလာချိန်မှာပဲ game အသိုင်းအဝိုင်းတွေက လက်ခံအားပေးသူတွေရှိသလို ဆန့်ကျင်ကန့်ကွက်သူတွေလည်း အများအပြား ပေါ်ပေါက်လာပါတယ်။ IceFrogဟာ Abdul Ismailလို့အမည်ရတဲ့ အမေရိကန်ရောက် မလေးရှားလူမျိုးအဖြစ် သတင်းထွက်လာပေမယ့် သူကိုယ်တိုင် ဝန်ခံထားတဲ့ သက်သေအချက်အလက်တွေကိုတော့ ယခုအချိန်အထိ မတွေ့ရသေးပါဘူး။ Blizzardကုမ္ပဏီက game designဆိုင်ရာ Executive Vice Presidentဖြစ်တဲ့ Rob Pardoကတော့ “ Dota ဆိုတာ တကယ်တော့ Blizzard နဲ့ Warcraft III အသိုင်းအဝိုင်းက ပေါ်ထွက်လာတာပါ၊ ပြင်ပမှာလည်း ဒီနေ့ ဒီအချိန်အထိ အများနဲ့ဆိုင်တဲ့ အများက အခမဲ့ရရှိနေတဲ့ game နာမည်တစ်ခုကို သူတို့ပိုင်သလိုလို နာမည်တပ်တဲ့ လုပ်ရပ်ကတော့ မှန်ကန်မှုမရှိသလို လုံးဝလည်း မဖြစ်သင့်ပါဘူး” လို့ ပြောကြားခဲ့ပါတယ်။

Blizzardကုမ္ပဏီကလည်း ယခုနှစ် BlizzCon ပြပွဲကြီးမှာ Starcraft IIအတွက် ကိုယ်ပိုင်အခမဲ့ game Modတွေ ပြသခဲ့ပြီး ယင်းတို့အနက် Blizzard DOTAလို့အမည်ပေးထားတဲ့ Defense of the Ancients မှကွဲ Mod တစ်ခုပါဝင်ပါတယ်။ ယင်း Mod ဟာ Blizzardရဲ့ နာမည်ကျော် gameတွေဖြစ်တဲ့ Starcraft၊ Warcraft နဲ့ Diablo seriesတို့မှ Blizzard character ဇာတ်ကောင်တွေထည့်သွင်းထားတဲ့ game Modဖြစ်ပါတယ်။

အခုလိုမျိုး Dotaအမည်ပိုင်ဆိုင်မှု အငြင်းပွားမှုတွေ၊ Dota မျိုးကွဲ Clone gameတွေ အမျိုးမျိုးရှိနေပေမယ့် တစ်ကမ္ဘာလုံးမှာ Dotaမြေပုံလေးကိုပဲ စွဲစွဲမြဲမြဲဆော့ကစားနေကြသူတွေ သန်းပေါင်းများစွာ ရှိနေတာကိုတော့ ငြင်းလို့မရပါဘူး။ ၂၀၁၁ ခုနှစ်မှာ အသစ်ထွက်လာမယ့် DOTA 2 ကရော ဘယ်လောက်အထိ gamer တွေကို ဆွဲဆောင်နိုင်မလဲ၊ ဘယ်လောက်အထိ စွဲလမ်းစေနိုင်မလဲဆိုတာကိုတော့ စောင့်ကြည့်ရပါဦးမယ်။

MJD (4AM Digital Services)